ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# စစ်ရေးသတင်း

## အကျဉ်းချုပ်

**14.4.2023**

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

| ရန်သူတပ်သားသေဆုံး | ရန်သူတပ်သားဒဏ်ရာရ |
|---|---|
| (၃) ဦး | (၅) ဦး |

## အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

### ကရင်ပြည်နယ်

ဧပြီလ(၁၃)ရက်နေ့တွင် မြဝတီမြို့နယ်၊ ကျောက်မိုင်း BGF စခန်းကုန်းကို ကော်ဘရာစစ်ကြောင်းက Sniper ဖြင့် ပစ်ခတ်ခဲ့ရာ ရန်သူ(၃)ဦး သေဆုံးခဲ့ပြီး ရန်သူ့ဘက်က လက်နက်ကြီးဖြင့် မကြာခဏ တနေကုန် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

### ရန်ကုန်တိုင်း

ဧပြီလ(၁၂)ရက်နေ့၊နေ့လည်(၁၂:၃၄)နာရီခန့်တွင် ခရမ်းမြို့နယ်၊ သစ်တောစစ်ဆေးရေးဂိတ်ကို ခရမ်းမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF Khayan)က ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူ (၃)ဦး ဒဏ်ရာပြင်းထန်ခဲ့ပြီး (၁)ဦး မစိုးရိမ်ဒဏ်ရာရရှိခဲ့ပြီး သစ်တောဂိတ်၏ ဘန်ကာများ ပျက်စီးခဲ့သည်။

### ပဲခူးတိုင်း

- ဧပြီလ(၁၃)ရက်နေ့၊မနက်(၆:၃၀)နာရီခန့်တွင် လက်ပံတန်းမြို့ ဘီးလင်းတန်းလမ်းရှိ မြို့မရဲစခန်းအနောက်ဘက်ဂိတ်နေရာကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(သာယာဝတီခရိုင်) တပ်ရင်း ၃၈၀၂၊ တပ်ခွဲ၄၊ ရွှေတန်းမြေ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဧပြီလ(၁၂)ရက်နေ့မနက်(၁၀:၄၅)နာရီခန့်တွင် သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ သက်န်းကုန်းရွာနှင့်မြောက်ပန်းဆွဲရွာကြားတွင် ပျူစောထီးအဖွဲ့များက ဦးဆောင်ပြုလုပ်ပြီး ရန်သူ့တပ်က လုံခြုံရေးယူထားသော လောင်းကစားဝိုင်း၌ ထိုးသားများပြန်၍ လူရှင်းချိန် သာယာဝတီဂဋုန် တပ်ဖွဲ့က အဝေးထိန်း ရှေ့ထွက်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ လုံခြုံရေး ကင်းအဖွဲ့ တာဝန်ယူထားသူ ပျူစောထီးအဖွဲ့ဝင် ကျော်လင်း (ခ) ကတုံး မိုင်းစထိမှန်၍ ပြင်းထန်ဒဏ်ရာ ရရှိသွားသောကြောင့် သာယာဝတီခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း သိရသည်။
- ဧပြီလ(၁၂)ရက်နေ့တွင် ထန်းတပင်မြို့နယ်၊ ကရင်နီကုန်းကျေးရွာ အရှေ့ဘက်တွင် ရန်သူ့တပ်နှင့် KNLA၊ PDF ပူးပေါင်းတပ်တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူ့ဘက်က ထိခိုက်သေဆုံးသူများပြားကာ သေနတ်(၃)လက်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

## အာဏာသိမ်းအကြမ်းဖက်စစ်တပ် ကျူးလွန်သော ရာဇဝတ်မှုများ

### <u>စစ်ကိုင်းတိုင်း</u>

ဧပြီလ(၁၁)ရက်နေ့မနက်ပိုင်းတွင် ကန့်ဘလူမြို့နယ်၊ပဇီကြီးကျေးရွာ အနောက်တောင်ရွာဝင်လမ်း၊ကျေးရွာနှင့်ပေ(၁၂၀)အကွာသို့ တံတားဦးဘက်မှ လာသော Yak-130ဖြင့် ဗုံးသီး (၂)လုံးချ ပစ်ခတ်ခဲ့ပြီး မနက်(၇:၅၀) နာရီတွင် နမခမှ လာသော Mi35 ဖြင့် Rocket (၂)လုံး၊ စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ယနေ့ ဧပြီလ (၁၄)ရက်နေ့အထိ ဒေသခံပြည်သူ (၁၆၈)ဦး သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။